ကဲရေးတော့မယ်နော်။ လူကြီးမင်းများ လက်ခုတ်တီးပါ။

ကဲ ဒါကို အပိုင်း(၁) လို့ထားလိုက်မယ်

ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ(၁)
ကျနော်၁၀ တန်းအောင်ပြီးကာစ အညာကဦးလေးဆီကို အလည်သွားတော့ ကြုံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးပါ။အညာမှာ သူငယ်ချင်းတစ်ယောက်ရခဲ့တယ်။
သု့နာမည်က အောင်မိုးတဲ့........... ဒန့်တန့်တန်...... လာပါပြီဗျာ....

'ဟေးကောင် ဖုန်းမြတ် ငါနဲ့ ခဏ လိုက်ခဲ့ '
'ဟ. ဘယ်လဲကွ '
'ဆော်နဲ့ ချိန်းထားတယ် မင်းကင်းလိုက်စောင့်ပေး။ '
'ဟာ လိုက်ချင်ဘူး သိုင်းစာအုပ်က ကောင်းနေတယ်ကွ။ '
'ဇာခြည် ပါလာမှာနော် မလိုက်ချင်နေ '
ဇာခြည်ဆိုတာက အညာသူသာဆိုတာ အသားအရေကဝင်းလက် ပြီး ဘော်ဒီလေးကလဲ အညာမှာရှာမှရှားပဲ မျက်နှာလေးကလေး မဆိုးဘူး အချောကြီးမဟုတ်ပေမဲ့ ကြည့်ကောင်းတယ်။
အောင်မိုးဆော် ခင်မြတ်သူကတော့ အသားညို ပြီး ရုပ်ကဆောက်ရမ်း မိုက်တယ်။ အောင်မိုးအပြောအရတော့ ၁၀ တန်း (ဘီ)က ကွင်းဆိုပဲ။
ဒါတွေထားပါ။ စာအုပ်ကိုဘေးချ ပိုက်ဆံအိပ်ခါးကြားထိုး ပြီး တန်းလိုက်လာတယ်။ အရင်ဆုံးအအေးဆိုင်ကိုအရင်သွားတော့ ဟိုငတိမနှစ်ယောက်ကရောက်နှင့်နေပြီ။
' သဲ ရောက်တာကြာပြီလား။ '
' ခုလေးပဲရောက်တာ၊ သွားရအောင်ဒီမှာကြာကြာ မထိုင်ချင်ဘူး။ အသိတွေနဲ့တိုးလိမ့်မယ်။'
' ဟဲ့ ရုပ်ရှင်ကြည့်ရအောင်ဟာ မောင့်မှုပိုင်ရှင်ဟ ရုံတင်တာ ၂ရက်ပဲရှိသေးတယ်
' ဟာ ဇာခြည် ကလဲ လက်မှုက်မလွယ်ဘူးဟ ၊ ငါနဲ့ သဲ လွတ်လွတ်လပ်လပ် မတွေ့ရတာလဲ ကြာပြီ။ ကိုယ်ချင်းစာ စမ်းပါဟာ။ '
' ဟင်း.. ငါကတစ်ယောက်ထဲ စောက့်စောင့် နေရတာ။ ပျင်းစရာကြီး '
' သြော်.. နင်ကလဲ . ဒီမှာ .ဖုန်းမြတ်တစ်ယောက်လုံး ရှိနေတာပဲ.သူနဲ့စကားပြောပြီး ရန်ကုန်က အကြောင်းတွေမေး ပေါ့ဟ. '
သူလေးက ကျနော့် ဖက်ကို မျက်လုံးဝေ့ ကြည့်တယ်။ သူစိတ်ထဲမှာ ဘာတွေ ရှိလဲတော့မသိဘူး။ ကျနော်ကလဲ အလိုက်သင့် ပြုံးပြလိုက်တယ်။ ငါးရူပြုံးလေး ..
ဆိုင်ကနေပိုက်ဆံရှင်းပြီးထွက်လာ ကြတယ်။
' ရော့ ဖုန်းမြတ် နင်က ငါ့ဆိုင်ကယ်ကို ယူပြီး၊ ဇာခြည်ကို တင်ခေါ်သွားလိုက် ငါက ကိုမိုးနောက်ကလိုက်မယ်။ '
' အာ.. ငါသိပ်မကျွမ်းသေးဘူး ဟ။ မဖြစ်လောက်ဘူး။ ဟေးကောင် အောင်မိုး . ငါမင်းနောက်ကပဲလိုက်မယ်ကွာ နော်။ '
' မလုပ်ပါနဲ့ကွာမင်းကလဲ။ မင်းမမောင်းချင်ရင် ဇာခြည်မောင်းလိမ့်မယ်။ မင်းကလဲ ခွမစီး နဲ့ ဘေးတိုက်စီး ' ဆိုပြီး မျက်လုံး မှိတ်ပြတယ်။
' သေနာကောင် အောင်မိုးနော်... ငါမလိုက်တော့ဘူး ' ကောင်မလေး ကနှုတ်ခမ်းစူတယ်။
' ကိုမိုးက စတာပါဇာခြည်ရယ်၊ နောက်ကျ နေပြီသွားရအောင်၊ ကိုမိုးရေ မောင်းတော့ သူတို့ဘာသာအဆင်ပြေသလိုလိုက်ခဲ့လိမ့်မယ်' ပြောပြောဆိုဆို အောင်မိုးကလဲ မောင်းထွက်သွားတော့နှစ်ယောက်သားဘာလုပ်ရမှန်းမသိဖြစ်သွားတယ် ။ အတန်ကြာမှ

‘ ကိုဖုန်းတက်၊ ဘေးတိုက်ပဲတက်နော် ’ တဲ့ ။ ကျနော်လည်းရယ်ချင်သွားတယ်။ မရယ်ဖြစ်ခဲ့ ပါဘူး
ဟိုလင်မယား ကရှေ့ကနေ စောင့်နေတယ်။ကျနော်တို့ လိုက်လာမှန်းသိမှ ဆက်သွားတယ်။
‘ ဇာခြည် သူတို့ကဘယ်သွားတာလဲဟင် ’
‘ အင်း.. ဂေါက်ကွင်း ဘက်ကိုထင်တာပဲ ’
‘ဩော်. ’ဆို ပြီးကျနော်လည်းထပ်မမေးတော့ဘူး
ဒီလိုနဲ့ ဂေါက်ကွင်း နောက်ဖက်ကိုရောက်လာတယ်။ ဂေါက်ကွင်းနဲ့ ပြောင်းဖူးခင်း
ကြားမှာတောအုပ် သေးသေးလေး ရှိတယ်။ သကောင့်သား က တောအုပ်ထဲမှာ ဆိုင်ကယ်ကို
ထိုးရပ်ပြီး ကျနော်တို့ကိုတောင်မစောင့်ဘူး ပြောင်းဖူးခင်းထဲဝင်သွားတယ်။

ကျနော်ကလဲ ဘယ်သိမလဲ ‘ လာလေ ဇာခြည် လိုက်သွားမယ်လေ ’
‘ အာ...လိုက်လို့ ဖြစ်မလား ဟိုမှာချိန်းတွေ့နေပါတယ်ဆိုမှ ဟွန်း ဘယ်လို ရန်ကုန်သားမှန်း သိဘူး ’တဲ့
ကျနော် လည်း မချိသွားဖြဲလေးလုပ်ပြီး ‘ ဇာခြည် သူတို့က ကြာတတ်လား ဟင် ’
‘ အင်း အနည်းဆုံး ၂ နာရီပဲ၊ အဲဒါကြောင့် မလိုက်ချင်တာ ’ပြောရင်းဆိုရင်းနှုတ်ခမ်း က
စူလာတယ်။ ‘ ကုသိုလ် ရပါတယ်ဇာခြည်ရယ်။ ကိုယ့် အလှည့်ကျလည်းကူညီမဲ့သူ ပေါ်လာမှာပေါ့။
ဟုတ်ဘူးလား ’ ‘ အောင်မယ် ဇာခြည်တို့က ဒီလိုနေရာမှာ မတွေ့ပါဘူးနော် . ’
‘ ဟုတ်လား၊ ဘယ်လိုနေရာမှာလဲ ’ကျနော်က ပြုံးစိစိ နဲ့ ပြန်မေးလိုက်တယ်။
‘ အဲ့ ဘာမှဟုတ်ပါဘူး ဒီလိုနေရာမှာ မတွေ့ချင်ဘူး ပြောတာပါ။ ’
‘ စိတ်မဆိုး ရင်တစ်ခုမေးချင်တယ် ဇာခြည်မှာရော ချစ်သူရှိဘူးလား။ ’
‘ ရှိပါတယ် အခုပြတ်နေတာ ’
‘ ဩော် ပြန်ဆက်ဦးမှာလား ’
‘ သိဘူးဟာ လာမမေးနဲ့ ’တဲ့။ကောင်းရော၊ ကျနော်ကိုအော်ထုတ်တယ်။
‘ ဆောရီးပါ ဇာခြည်ရာ ငါမမေးတော့ဘူး ၊ ပျင်းစရာကြီးဟာ
လာဟိုနှစ်ယောက်ကိုသွားချောင်းရအောင် ’
‘ အာ ချောင်းချင်ပါဘူး၊ ရော့ ဒီမှာ နေကြာစိစား ကို့ဖာသာ အေးဆေးနေတာကောင်းတယ်။ အနှောင့်
အယှက်မပေးပါနဲ့ ’
‘ လာပါဟ ဒီတိုင်းနေတာ ပျင်းစရာကြီး သွားနောက်ရအောင်’
‘ ဟာ နင်သွားချင်သွား ငါ မလိုက်ချင်ဘူး ’
‘ နင်တစ်ယောက်ထဲနေရဲလို့လား ’
‘ ဟာဟ ရိုးနေပြီ ’
‘ ဒါဆိုလဲပြီးရော ငါသွားမယ်နေခဲ့ ’
‘ မသွားပါနဲ့ ဖုန်းမြွတ်ရာ မကောင်းပါ ဘူးဟ ’
‘ ခဏလေးပါ တကယ်ပြောတာ မြင်ပြီးရင်တန်းပြန်လာမယ်၊လာပါဟာ နင်ပါလိုက်ခဲ့ ’
‘ ကဲလာဟာ ရန်ကုန်သား အရစ်ကိုရှည်တယ် ဥ္ဒည့်သည်က ဥ္ဒည့်သည်လို မနေဘူး ’
‘ ဟီး ငါကလမ်းမသိဘူး နင်က ရှေ့ကသွား ’
‘ ဟွန်းနော် စကားကို ကြည့်ပြော လူကို ခွေးနဲ့ မနှိုင်းနဲ့ ’ဆိုပြီးမျက်စောင်းက ရောက်လာပြန်ရော။
ဒီတစ်နေ့လုံး သူမျက်စောင်းကိုပတ်ရှောင်နေရတယ်
ဒီလိုနဲ့ သူကရှေ့ကနေကုန်းကုန်း ကုန်းကုန်းနဲ့ သွားတယ်။ ဒီအချိန်တွယ်လိုက်လို့ကတော့ အနှစ်ပဲ။
စတာနော် လုပ်ရဲဘူးဗျ . ဟီး
တော်တော်ဝေးတယ်ဗျ ဟို နှစ်ယောက်ကလည်း ဘယ်အထိသွားတယ် မသိဘူး

အတန်ငယ်လှမ်းတော့မှ အော်သံကြားရတယ်။ ငြီးသံဆိုရင် ပိုမှန်မယ်။
ဇာခြည် တုံ့ခနဲ ရပ်သွားတယ် ။ ‘ တော်ပြီဟာ ပြန်ရအောင် ’တဲ့ ကဲဘယ်လိုလုပ်ကြမလဲ